■ "ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး"ကဏ္ဍ

# မြန်မာပညာတော်သင်များက တရုတ်နိုင်ငံ၌ မဇ္ဈိမဆောင်းကူးရာသီပွဲတော်ကူးခြင်း – အိမ်မက်သည့် လမင်းထက် ပို၍ ဝိုင်းသည်

ယခုနှစ်တွင် မိုးရေချိန်များသော ကူမင်းမြို့၌တိမ်ညိုများသည် မဇ္ဈိမဆောင်းကူးရာသီပွဲတော်အခါသမယရှိ လပြည့်ဝန်းကိုဖုံးအုပ်ထားသည်။ သို့သော်ကျန်ဖေ့လ်သည်ကျောင်းနေဖက်များနှင့်တကွ အိပ်ခန်းတွင်ရိုးရိုးလမင်းကန်တော့ပွဲကို ကျင်းပခဲ့ပြီး ဝေးရပ်ဖြစ်သည့် မြန်မာနိုင်ငံနေအိမ်သူအိမ်သားများအတွက် ဆုမွန်ကောင်းတောင်းကြသည်။

"အရင်အိမ်မှာနေတုန်းက နှစ်စဉ်မဇ္ဈိမဆောင်းကူးရာသီ ပွဲတော်ကျတိုင်းကျွန်မတို့တစ်အိမ်သားလုံးက အိမ်ရှေ့ကနေလမင်းမြင်နိုင်တဲ့နေရာမှာ ကန်တော့စင်တင်ပြီးအမွှေးတိုင်လည်းထွန်း၊ ပူဇော်ကန်တော့ပွဲလည်း ပြုလုပ်လေ့ရှိပါတယ်။ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းလိုက်ပါတယ်"။ယူနန်နော်မန်တက္ကသိုလ်တရုတ်ဘာသာကောလိပ်တွင် ပညာဆည်းပူးလျက်ရှိနေသည့် စတုတ္ထနှစ်ကျောင်းသူကျန်ဖေ့လင်သည် တရုတ်နိုင်ငံ၌နေသားကျသွားပြီးဖြစ်သည်။ သို့သော်မဇ္ဈိမဆောင်းကူးရာသီပွဲတော် အခါသမယကျတိုင်းသူမအတွက် မိမိ၏အိမ်ကိုအလွမ်းဆုံးသောအချိန်အခါဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် wechatဖြင့်သာ အိမ်သူအိမ်သားများအတွက် နှုတ်ဆက်မေတ္တာပို့သရခြင်းကြောင့်ဖြစ်သည်။

ကျန်ဖေ့လင်၏ဇာတိမှာ ယူနန်ပြည်နယ်ပေါင်စန်းမြို့ဖြစ်သည်။ အဖွား (မိခင်၏အမေ) မျိုးဆက်တုန်းက ယူနန်ရွှေလီမြို့နှင့် တစ်မြစ်ခြားထားသောမြန်မာနိုင်ငံနမ့်ခမ်းမြို့သို့ ရောက်ရှိလာခဲ့သည်။ နိုင်ငံရပ်ခြားတွင် ဘဝခရီးအတွက် ကြိုးပမ်းသည်မှာ လွယ်လွယ်ကူကူမဟုတ်ပါ။ လောလောဆယ်ကျန်ဖေ့လင်၏ မိဘနှစ်ပါးတို့က အသေးစားအရောင်းအဝယ်ဖြင့် လုပ်စားလျက်ရှိနေသည်။ စီးပွားရေးအလွန်အဆင်ပြေမှာမဟုတ်ပါ။ သူမအထက်တန်းအောင်ပြီးသည့်အခါ အိမ်တွင်းမှစီးပွားရေးအခြေအနေကြောင့် ကျောင်းစရိတ်ပင်မကျခံနိုင်ပဲ ကျောင်းပျက်လုနီးဖြစ်မိသည်။ နောက်ဆုံးတွင် မိမိ၏ ထူးချွန်အောင်စာရင်းဖြင့် ကျောင်းစရိတ်မှန်သမျှကို ကင်းလွတ်နိုင်မည့် ပညာသင်ထောက်ပံ့ငွေရရှိခဲ့ပြီး ဆွေမျိုးများ၏ထောက်ပံ့မှုဖြင့်လည်း ယူနန်သို့ရောက်လာ၍ ပညာဆည်းပူးရခြင်းဖြစ်သည်။ လောလောဆယ်တရုတ်နိုင်ငံသည် ကမ္ဘာတွင် အမေရိကန်၊ အင်္ဂလန်နိုင်ငံတို့အပြီး ပညာတော်သင် ကျောင်းသားများမှ အလာအများဆုံးသော တတိယနိုင်ငံဖြစ်သည်။ နှစ်စဉ် နိုင်ငံနှင့်ဒေသ(၂၀၀) ကျော်မှ ကျောင်းသားကျောင်းသူပေါင်း ၃. ၇ သိန်းတို့က တရုတ်နိုင်ငံသို့ ရောက်လာ၍ ပညာဆည်းပူးလျက်ရှိနေသည်။ ၎င်းအနက် ကျန်ဖေ့လင်ကဲ့သို့သောဖွံ့ဖြိုးဆဲနိုင်ငံများမှ ရောက်ရှိလာကြသည့် ကျောင်းသားကျောင်းသူများသည်ကျောင်းစရိတ်နှင့် စားသောက်စရိတ်များအတွက် စိတ်ညစ်နေဆဲဖြစ်သည်။ ယူနန်ပြည်နယ်တွင် အရှေ့တောင်အာရှ၊ တောင်အာရှမှ ရောက်ရှိလာသော ပညာတော်သင် ကျောင်းသားကျောင်းသူများသည် ယူနန်ပြည်နယ်အတွင်းရှိ ပညာတော်သင် ကျောင်းသားကျောင်းသူဦးရေ စုစုပေါင်း၏ ၈၀% ပါဝင်လျက်ရှိနေသည်။



နိုင်ငံခြားမှ ရောက်ရှိလာကြသော ပညာတော်သင်ကျောင်းသားကျောင်းသူများအား ကောင်းမွန်သောပညာသင်ကြားခွင့်ခံစားစေနိုင်ရန် တရုတ်နိုင်ငံသည် "ပိုးလမ်းမကြီး ပညာတော်သင်ထောက်ပံ့မှုစီမံကိန်း"ကို အကောင်အထည်ဖော်ဆောင်နေဆဲဖြစ်သည်။ "အပြန်အလှန်စေလွှတ်ရန် အထွေထွေ ကျောင်းသားဦးရေ(၁)သိန်း"၊ "တရုတ်-အာဆီယံ အပြန်အလှန် စေလွှတ်ရန် ကျောင်းသားဦးရေ(၁)သိန်း"စီမံကိန်းတို့ကို လက်တွေ့အကောင်အထည် ဖော်ဆောင်လျက်ရှိပြီး "ပိုးလမ်းမကြီး တရုတ်အစိုးရပညာတော်သင်ထောက်ပံ့ငွေ"ကို တည်ထောင်ပေးပြီးဖြစ်သည်။ တရုတ်နိုင်ငံရှိပြည်နယ် (မြို့) အသီးသီးတို့ကလည်း သက်ဆိုင်ရာမူဝါဒများကို တက်ကြွစွာချမှတ်ပေး၍ နိုင်ငံခြားပညာတော်သင် ကျောင်းသားကျောင်းသူများတရုတ်နိုင်ငံသို့ လာရောက်ပညာဆည်းပူးရန် ထောက်ခံအားပေးလျက်ရှိနေသည်။

ကျန်ဖေ့လင်တို့အတန်း၌ ကျောင်းသားကျောင်းသူပေါင်း (၂၀)ယောက်ရှိသည်။ အားလုံးသည်မြန်မာနိုင်ငံသားများဖြစ်ကြသည်။ အဆက်မပြတ်တိုးတက်လာနေသည့် တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှုမှ ဆောင်ကြဉ်းပေးနိုင်မည့် အခွင့်အလမ်းကို မြင်ရသဖြင့် တရုတ်နိုင်ငံသို့ လာရောက်၍ ပညာဆည်းပူးကြခြင်းသည်။ ကျောင်းသားတိုင်းသည် ကျောင်းစရိတ်ကင်းလွတ်ခွင့်မှလစဉ် စားသောက်စရိတ်ကင်းလွတ်ခွင့်အထိ အဆင့်အတန်းချင်းမတူသော ပညာသင်ဆုငွေများ၊ ပညာသင်ထောက်ပံ့ငွေများကို ရရှိကြပြီး ၎င်းတို့အားနောင်ဆံမငင်ဘဲ ပညာဆည်းပူးစေနိုင်သည်။

"လာမယ့်နှစ်ဇူလိုင်လမှာ ကျွန်မတို့ဘွဲ့ရတော့မယ်"ဟု ကျန်ဖေ့လင်က ပြောသည်။ "ကျွန်မဟာအခြားကျောင်းသားနှစ်ဦးနဲ့အတူ တရုတ်နိုင်ငံမှာ မဟာဘွဲ့ဖြင့် ဆက်လက်ပညာသင်မယ်။ ကျန်ရှိတဲ့ကျောင်းသား ကျောင်းသူအားလုံးတို့က အလုပ်ဝင်လုပ်တော့မယ်ဖြစ်ပါတယ်"။ ထို့ကြောင့်၎င်းတို့က တရုတ်နိုင်ငံအတွင်း နောက်ဆုံးသော မဇ္ဈိမဆောင်းကူးရာသီပွဲတော်ကို ကူးကြခြင်းဖြစ်သည်။ မိမိ၏ဇာတိမြေမှ ဝေးရပ်သို့ ရောက်ရှိလာကြသော ကျောင်းနေဖက်တို့က မဇ္ဈိမဆောင်းကူးရာသီပွဲတော်ကို အတူတကွ ဂုဏ်ပြုကြိုဆိုကြသည်။ များပြားစုံလင်သော ယူနန်ဘူဖေးအကင်စာများကိုအားရပါးရစားကြသည်၊ ကေတီဗွီဖြင့် အပျော်တပါး ဆိုကြကကြသည်၊ မရှိမဖြစ်သော လမင်းကန်တော့ပွဲလည်း ကျင်းပကြသည်။

ကျန်ဖေ့လင်က လာမည့်နှစ်တွင် ပညာသင်ထောက်ပံ့ငွေကို အောင်မြင်စွာရရှိပြီး မဟာဘွဲ့စာမေးပွဲကိုလည်း အောင်မြင်စွာ ဖြေဆိုနိုင်ပါစေဟုဆုတောင်းပါသည်။ "ကျွန်မကအနာဂတ်ဘဝခရီးအတွက်တော့ သေသေချာချာ မစဉ်းစားရသေးပါ။ ဒါပေမယ့်ယခုအကြိမ်ပညာသင်ခွင့်ကိုမြတ်နိုးပြီး မိမိရဲ့အရည်အချင်းကို မြှင့်တင်စေရမယ်။ ဒါမှသာ ကျွန်မရဲ့အိမ်သူအိမ်သားများက ကျွန်မအတွက် ပေးဆပ်သမျှများကို အလဟသမဖြစ်စေနိုင်ပါ"။

ကျန်ဖေ့လင်နှင့် မတူသည်မှာ မြန်မာနိုင်ငံကိုးကန့်ဒေသမှ ရောက်ရှိလာသောကျောက်ကျားခွမ်းသည် မိမိ၏အနာဂတ်ဘဝခရီးအတွက် သေချာစွာစီစဉ်ခဲ့ပြီးဖြစ်သည်။ ကျောက်ကျားခွမ်းသည် ဆဌမမျိုးဆက် တရုတ်အမျိုးသားဖြစ်သည်။ မိဘနှစ်ပါးတို့က ကိုးကန့်၌လယ်လုပ်ကြသည်။ အိမ်တွင်ညီနှင့်နှမ(၄)ယောက်ရှိသေးသည်။ "ကျွန်တော်ဟာနိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးမေဂျာကိုသင်ယူနေပါတယ်။ ကိုးကန့်မှာ လက်ဖက်ပင် အရင်းအမြစ် ပေါများကြွယ်ဝလှပါတယ်။ ကျွန်တော်အတွေ့အကြုံများကို စုဆောင်းပြီးရင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ချင်တယ်။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လက်ဖက်ကုန်သွယ်မှုလုပ်ချင်တယ်။ ကျွန်တော်တို့ရဲ့နေထိုင်မှုဘဝဟာ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်မှုနဲ့နည်းတူ ကောင်းသထက်ကောင်းလာလိမ့်မယ်လို့ယုံကြည်ပါတယ်"။

**သတင်းထောက် – ကျန်သန်း**

## ကော့ကျို့မြို့ရှိ အဆင့်လွန်စပါးအထွက်နှုန်းစံချိန်သစ်တင်

စက်တင်ဘာလတွင် တရုတ်အစိုးရသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်လွှဲအပ်ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သည် ယူနန်ပြည်နယ်ဟုန်ဟော်ပြည်နယ်ခွဲကော့ကျို့မြို့ တာ့ထွန်မြို့နယ်ရှင်းဝါဖန်ရွာအဖွဲ့မှ ကွက်ချင်းဆက်စိုက်ပျိုးထားသောစပ်မျိုးစပါးစံပြစီမံကိန်းအတွက် ကွင်းဆင်းလေ့လာပြီးစပါးအထွက်နှုန်းကို လက်တွေ့ရိတ်သိမ်း တိုင်းတာခဲ့သည်။ တရုတ်သိပ္ပံအကယ်ဒမီသုတေသီ၊ ဖူကျန့်ပြည်နယ်စိုက်ပျိုးရေးအကယ်ဒမီမှ ပညာရှင်ရှဲ့ဟွာအန်းက အလွတ်ရွေးလိုက်သော မြေကွက်(၃)ကွက်တွင် တစ်မိုလျှင် ပျမ်းမျှအထွက်နှုန်း (၁၀၈၈)ကီလိုဂရမ်အထိ ထွက်ရှိကြောင်း၊ ယင်းသည် ကမ္ဘာ့စပါးအထွက်နှုန်းအတွက် ထပ်မံစံချိန်သစ်တင်နိုင်ခဲ့ကြောင်းကြေညာခဲ့သည်။



၂၀၀၉ခုနှစ်နောက်ပိုင်းတွင် တရုတ်နိုင်ငံစပ်မျိုးစပါးစီမံကိန်း နည်းပညာဆိုင်ရာသုတေသနဗဟိုဌာန ကုန်းမြင့်ဒေသအမျိုးပျိုးထောင်ရေး စံပြစင်တာသည် နာမည်ကျော်စပါးပညာရှင်ယွမ်လုံဖင်၏ အဆင့်လွန်စပ်မျိုးစပါး အထွက်ကောင်းစေရန်သုတေသနစီမံကိန်းကို အစဉ်ထမ်းဆောင်လျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် ယင်းစီမံကိန်း၏ ပျမ်းမျှအထွက်နှုန်းမှာ တစ်မိုလျှင် (၁၀၆၇. ၅) ကီလိုဂရမ်ထွက်ရှိခဲ့သည်။ ပညာရှင်ယွမ်လုံဖင်မှ ပဥ္စမကြိမ်မြောက် အဆင့်လွန်စပ်မျိုးစပါး အထွက်နှုန်းအတွက် သတ်မှတ်ထားသော လျာထားချက်ကို ပထမဆုံးအကြိမ်လက်တွေ့အကောင်အထည် ဖော်ဆောင်နိုင်ခဲ့သည်။ မိုပေါင်းများစွာ စိုက်ပျိုးထားသော စပ်မျိုးစပါးများ၏ ပျမ်းမျှအထွက်နှုန်းလည်း ပထမဆုံးအကြိမ် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

စီမံကိန်းဖော်ဆောင်ရာနေရာမှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၈၇ မီတာရှိသည်။ နှစ်စဉ် ပျမ်းမျှအပူချိန်သည် (၂၀) ဒီဂရီစင်တီဂရိတ်ရှိသည်။ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် (၇၀၀-၉၀၀) မီလီမီတာရှိသည်။ အပူဓာတ်လည်းကြွယ်ဝ၊ မိုးရေချိန်လည်းသင့်လျော်၊ ခရမ်းလွန်ရောင်ခြည်လည်းပြင်းပြ၊ မုန်တိုင်းလည်းနည်းပါးပါသည်။ စံပြစပါးစိုက်ကွက်တွင် စပါးပင်များညီမျှစွာ ပေါက်ရောက်ပြီးအနှံလည်းကြီး၊ အစေ့လည်းများ၊ အဖျင်းလည်းနည်းသည်။ အမိကပိုးမွှားလည်းမရှိပါ။

"စီမံကိန်းအတွက် နည်းကောင်းမျိုးကောင်းတဲ့ စိုက်ပျိုးနည်းကို အသုံးပြုတယ်။ လောလောဆယ် တိုင်းတာခြင်းမှရရှိတဲ့ကိန်းဂဏန်းများအရ စပါးအထွက်နှုန်းမှာ မြှင့်တင်နိုင်မယ့် အလားအလာရှိနေသေးတယ်"ဟု သက်ဆိုင်ရာပညာရှင်က မိတ်ဆက်လိုက်သည်။

**သတင်းထောက် – လီစုဖင်း**